**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**မြေသြဇာကော်မတီ**

အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၂၁

၁၃၈၃ ခုနှစ်၊ သတင်းကျွတ်လဆန်း ၃ ရက်

( ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

**မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြေသြဇာကော်မတီသည် မြေသြဇာဥပဒေပုဒ်မ ၆ ၊ ပုဒ်မခွဲ(က)အရ မြေသြဇာကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အထောက်အကူပြု ဆောင်ရွက်ပေးနိုင်ရန်အတွက် **"မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တိုင်းဒေသကြီး/ပြည်နယ်၊ စပါး၊ စိုက်ပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဆိုင်ရာသဘာဝအရင်းအမြစ်များ<br>သုတေသနဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ပါမောက္ခ<br>ဓာတုဗေဒဌာန<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စိုက်ပျိုးပညာပေးရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မျိုးစေ့ဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သီးနှံကာကွယ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
မြေအသုံးချရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

၂။ မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) နိုင်ငံတကာ မြေသြဇာစံချိန်စံညွှန်းနှင့် မြေသြဇာထုပ်ပိုးပစ္စည်းများ၊ ထုပ်ပိုးပုံနှင့် အလေးချိန် ပမာဏတို့ကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံနှင့် သင့်တော်မည့် မြေသြဇာစံချိန်စံညွှန်းများ၊ ထုပ်ပိုးပုံနှင့် ထုပ်ပိုးပစ္စည်းများ၏ အရည်အသွေး များနှင့် အလေးချိန်ပမာဏတို့ကို မြေသြဇာကော်မတီသို့ တင်ပြရမည်။

(ခ) မြေသြဇာကော်မတီမှ ချမှတ်ပေးသော မှတ်ပုံတင်လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်လေ့လာသုံးသပ်ခြင်းများ ပြုလုပ်၍ မြေသြဇာကော်မတီထံ မှတ်ပုံတင် အတွက် ထောက်ခံချက်များနှင့်တကွ တင်ပြရမည်။

(ဂ) မြေသြဇာကော်မတီမှ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ သတိပေးနှိုးဆော်ခြင်းများ အခါအားလျော်စွာ ထုတ်ပြန်နိုင်ရန်အတွက် အချက်အလက် အထောက်အထားများကို စုစည်းရယူတင်ပြရမည်။

(ဃ) မြေသြဇာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မြေသြဇာကော်မတီမှ အခါအား လျော်စွာ ချမှတ်ပေးသော တာဝန်များကို ဆောင်ရွက်ရမည်။

(င) မြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေရေးအတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ရန် ပြုစုတင်ပြရမည်။

(စ) မြေသြဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ကြီးကြပ်ရမည်။

(ဆ) စိုက်ပျိုးသူများ မြေသြဇာကိုစနစ်တကျ သုံးစွဲကြစေရန် ပညာပေးလုပ်ငန်းများ စုဆောင်း တင်ပြရမည်။

၃။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေသြဇာကော်မတီ၏ (၁.၇.၂၀၂၀) ရက်စွဲပါစာအမှတ်၊ မသခ/မြေသြဇာ/(၁၂၀၅/၂၀၂၀)အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

(ဒေါက်တာအောင်ကြီး)

ဥက္ကဌ

မြေသြဇာကော်မတီ

စာအမှတ်၊ မသခ/မြေသြဇာ(၁၆၆၂ /၂၀၂၁)

ရက်စွဲ ၊ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့(အားလုံး)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြော်ငြာပေးပါရန်။

ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး

အမိန့်အရ

(ဒေါက်တာရဲတင့်ထွန်း)<br>အတွင်းရေးမှူး<br>မြေသြဇာကော်မတီ